**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com

**ချင်းအမျိုးသားတပ်ဦး ( CNF ) မှ ပေးပို့သော**
**ကိုးကန့်အမျိုးသားခေါင်းဆောင်ကြီး ဦးဖုန်ကြားရှင် ကွယ်လွန်ခြင်း ဝမ်းနည်းသဝဏ်လွှာ**

**၂၀၂၂ ခုနှစ် မတ်လ ( ၂၃) ရက်နေ့**

- ကိုးကန့်အမျိုးသားခေါင်းဆောင်ကြီး ဦးဖုန်ကြားရှင် (၉၄)နှစ် ကွယ်လွန်သွားခြင်းသည် ကိုးကန့် လူမျိုးများနှင့် ဘဝတူ ညီနောင် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများအတွက် ကြယ်ကြီး တပွင့် ကြွေသွားခြင်းဖြစ်ပြီး ခေါင်းဆောင်ကြီး၏ နာရေးသတင်းကြောင့် ညီနောင် ကိုးကန့်လူမျိုးများ၊ ၎င်း၏ မိခင်အဖွဲ့အစည်း( MNDAA)၊ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

- ခေါင်းဆောင်ကြီး ဦးဖုန်ကြားရှင်သည် နိုင်ငံရေးရင့်ကျက်သူ ဝါရင့်တော်လှန်ရေးခေါင်းဆောင်ကြီးပီပီ ကိုးကန့်အမျိုးသားတန်းတူရေး၊ ဒေသ တိုးတက်ဖွံ့ဖြိုးရေးနှင့် တနိုင်ငံလုံး အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများဖြင့် မိမိ၏ ဘဝတလျှောက်လုံးကို မြှုပ်နှံခဲ့သူ လေးစားဂုဏ်ပြုထိုက်သည့် စံပြပုဂ္ဂိုလ် ဖြစ်ပြီး စစ်အာဏာရှင်ဖြုတ်ချရေးနှင့် ဖက်ဒရေးဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းများအတွက် မဟာဆုံးရှုံးမှုပင်ဖြစ်သည်။

- ဦးဖုန်ကြားရှင်၏ မပြီးပြတ်သေးသော အမျိုးသားတော်လှန်ရေး ရည်မှန်းချက် ပြီးပြည့်စုံသည့် အထိ ၎င်း၏ မိခင်အဖွဲ့အစည်းဖြစ်သည့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA)၊ မဟာမိတ်တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အတူ ဆက်လက်ပူးပေါင်းတိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း ဂတိပြုယင်း ဤဝမ်းနည်းသဝဏ်လွှာကို ပေးပို့ လိုက်ရသည်။

**“ ဦးဖုန်ကြားရှင် ကောင်းရာ သုဂတိ လားစေကြောင်း ဆုမွန်ကောင်းတောင်းယင်း”**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ချင်းအမျိုးသားတပ်ဦး**